ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်သဇင်ထွေး

လက်ထောက်နည်းပညာမှူးအမည် - ဦးဖွဲ့ညီညီရှိန်


ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ် (ရွာသစ်) ကျေးရွာ 2017 ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချောင်းဆုံမြို့နယ်ပြမြေပုံ | 5 |
| ၂။ | ရွာသစ်ကျေးရွာတည်နေရာပြမြေပုံ | 6 |
| ၃။ | ရွာလွတ် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | 7 |
| ၄။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | 8 |
| ၅။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | 10 |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | 20 |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | 22 |
| ၈။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | 23 |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | 26 |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | 27 |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | 28 |
| ၁၃။ | အစည်းအဝေးမှတ်တမ်းများ | 29 |
| ၁၄။ | ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ | 31 |
| ၁၅။ | ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | 31 |
| ၁၆။ | ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ | 32 |

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
MAWLAMYINE
MUDON
CHAUNGZON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Se Pa Lar
Mu Yit Kalay
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ရွာသစ်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ ရှာလွတ် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ရှာလွတ်ကျေးရွာအုပ်စု | ရှာလွတ်ကျေးရွာ |
| | ရှာသစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ရှာလွတ်(ရှာသစ်)ကျေးရွာ

ကျေးရွာအုပ်စုအမည် - ရှာလွတ်ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၂၇၃၊ မ ၃၄၅၊ စုစုပေါင်း (၆၁၈) ဦး

အိမ်ထောင်စု - ၁၃၄စု

တိုင်းရင်းသားလူမျိုးစု - မွန်(၁၃၄)

ထိခိုက်လွယ်သော အိမ်ထောင်စု - မသန်စွမ်း(၇)ဦး၊၆၅နှစ်အထက်(၈၅)ဦး

လူမျိုးစုရော - မရှိ

ပညာရေးအဆောက်အဦး - မူလတန်းကျောင်း(1)

ကျန်းမာရေးအဆောက်အဦး -မရှိ

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် စေတီ (၁) ဆူ

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ရော်ဘာ၊ စိုက်ပျိုးရေးလုပ်ငန်း

အခြားဆက်နွယ်မှု ရှိ/မရှိ - ကျွန်းပတ်လမ်းပေါ်တွင် ရှာတန်ရှည်အဖြစ် တည်ရှိသည်။ ရွာ၏မြောက်ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းပြင်များရှိ၍ ကျေးရွာချင်းချိတ်ဆက်နေပါသည်။

ကျေးရွာထွက်ကုန်များ - ဆန်/စပါး၊ လယ်ယာထွက်ကုန်များ၊ ရော်ဘာ၊ ဟင်းသီးဟင်းရွက်


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 7.1.2017 | ကျေးရွာလူထု | 27 | 42 | 69 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 8.1.2017 | ကျေးရွာလူထု | 26 | 39 | 65 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 8.1.2017 | ကျေးရွာလူထု | 26 | 39 | 65 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 8.1.2017 | ကျေးရွာလူထု | 26 | 39 | 65 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 8.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 26 | 39 | 65 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 8.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 26 | 39 | 65 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာ သစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | 8.1.2017 | ကျေးရွာလူထု | 26 | 39 | 65 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိကြုံတွေ့နေရ သည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အ တွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာ စေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေး အစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရုပ်ပုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**ရွာလွတ် (ရွာသစ်) ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ် (ရွာသစ်) ကျေးရွာတွင် အိမ်ထောင်စု (၁၃၄) စုရှိပြီး ဗုဒ္ဓဘာသာ မွန်လူမျိုးများဖြစ်ကြသည်။ အမျိုးသား (၂၇၃) ဦးနှင့် အမျိုးသမီး (၃၄၅) ဦးရှိသည်။ စုစုပေါင်းလူဦးရေ (၆၁၈) ဦးတို့နေထိုင်ကြပြီး သက်ကြီးရွယ်အိုများ (၆၅) နှစ်နှင့်အထက်မှာ (၈၅) ဦးရှိပြီးမသန်စွမ်းသူ (၇) ဦးရှိပြီး အမျိုးသားအိမ်ထောင်ဦးစီးမှာ (၉၈) နှင့်အမျိုးသမီးအိမ်ထောင်ဦးစီးမှာ (၃၆) အိမ်ထောင်စုရှိသည်။ ဆယ် နှစ်နှင့်အထက်လူဦးရေမှာ (၄၉၁) ဦးနှင့် ဆယ်နှစ်အောက်လူဦးရေမှာ (၁၂၇) ဦးရှိသည်ဟုသိရပါသည်။ လူမှုအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထု၊ ရပ်မိရပ်ဖများနှင့် အတူတကွရေးဆွဲခဲ့ကြရာတွင် လူထုအနေဖြင့်မိမိတို့၏ ကျေးရွာ အကြောင်း ပိုမိုသိရှိလာစေခြင်း ကျေးရွာအတွင်းရှိ အဆောက်အဦးများ၏တည်နေရာ အတိအကျကို ပိုမိုသိရှိလာစေခြင်း၊ ရွာတွင်းရှိရပ်ကွက်အလိုက် လိုအပ်ချက်များကို ပိုမိုသိရှိလာစေခြင်း၊ လူနေ အိမ်ခြေများနှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများကို ပိုမိုသတိထားမိလာခြင်း၊ ရွာတွင်းဖွံ့ဖြိုးရန် လိုအပ်ချက်များကို ပိုမိုသိရှိလာခြင်း၊ ရွာတွင်းရွာပြင် သဘာဝအရင်းအမြစ်များကို သိရှိလာရခြင်း၊


လူမှုရေး၊ စီးပွားရေးကဏ္ဍအလိုက် ကျေးရွာလိုအပ်ချက်များ၊ အားသာချက်များကို ပိုမိုသတိပြုမိစေခဲ့ပါသည်။

လူမှုရေးအဆောက်ဦးအနေဖြင့် ဘုန်းကြီးကျောင်း (၁)၊ စေတီ (၁) ဆူ၊ မူလတန်းကျောင်း (၁)၊ ဇရပ် (၁)၊ သိမ် (၁) တို့ရှိပြီး ကျေးရွာတွင် အများပြည်သူအသုံးပြုနိုင်မည့် အခြေခံအဆောက်အဦးဟူ၍ မရှိပါ။ (ဥပမာ- စာကြည့်တိုက်၊ မူကြို၊ အစည်းဝေးခန်းမ၊ ဆေးပေးခန်း၊ ခရီးသွားနားနေရာကျေးရွာတွင် နေထိုင်ကြသော ရပ်ရွာလူထုအများစုမှာ ပညာရေးဗဟုသုတ ပိုင်းဆိုင်ရာများတွင် အားနည်းနေကြပါသည်။ အဓိကစီးပွားရေးနေဖြင့် ရော်ဘာခြစ်ခြင်း၊ စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ လယ်ယာများလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ သို့သော် ခြံပိုင်ယာပိုင်များမှာ အလွန်နည်းပါး၍ ကျဘမ်းလုပ်ကိုင်သူဦးရေးမှာပိုမိုများပြာသည်။ စီးပွားရေးလုပ်ငန်းများမှာလည်း အကျိုးအမြတ်နည်းပါးသောကြောင့် ကျေးရွာတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်မှုနည်းပါး၍ တစ်ဖက်နိုင်ငံတွင်သွားရောက် လုပ်ကိုင်လေ့ရှိကြသည်။ ပညာရေးအနေဖြင့် ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းသာရှိပါသည်။

ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့်လည်း ပုဂ္ဂလိကတိုင်းရင်းဆေးခန်း တစ်ခုသာရှိ၍ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ရွာသစ်ကျေးရွာသည် ချောင်းဆုံ-ရွာလွတ်-မုဒွန်း လမ်းမကြီးပေါ်တွင်တည်ရှိပြီး လမ်းသွယ် (၃) လမ်းသာရှိကာ ပထမနှစ်လူထုဗဟိုပြုစီမံကိန်းတွင် (၃) လမ်းခင်းပြီး ယခုဒုတိယနှစ်စီမံကိန်းတွင် အင်ကြင်မြိုင်လမ်း ပေ (၄၀၀) + မြောင်းကူးတံတားတံစင်းနှင့် ရေမြောင်းအုတ်စီခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ရွာခြင်းဆက်လမ်းကောင်းမွန်သည်ကိုလည်းတွေ့ရသည်။ ကျေးရွာအတွင်းရေအရင်းမြစ်အဖြင့် ရေတွင်း (၉၅) တွင်းရှိပြီး တစ်ရွာလုံးရေသုံးမှုဖူလုံကြသည်။

ကျေးရွာ၏ အဓိကစီးပွာရေးလုပ်ငန်းမှာ ရော်ဘာလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ အသေးစားကုန်စုံဆိုင်၊ အအေးဆိုင်အိမ်ဆိုင်များ၊ မိသားစုစားဝတ်နေရေး အဆင်ပြေအောင်လုပ်ကိုင်နေကြသည်။ ကုန်စုံဆိုင်၊ ကုန်မာဆိုင်၊ ကိုယ်ပိုင်စီးပွါးရေးမရှိသော အိမ်ထောင်စုဝင်များသည် ကျဘမ်း၊ နေ့စားအလုပ်များဖြင့် လုပ်ကိုင်စားသောက်ကြပြီး အချို့သောအိမ်ထောင်စုများတွင် ပြည်ပတွင် သွားရောက်လုပ်ကိုင်ကြသူများလည်းရှိသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်



**ရှာလွတ် (ရှာသစ်) ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု(ဗင်းကားချက်)**

**ကျေးရွာတွင်းရှိအဖွဲ့အစည်းများ**

၁။ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့

၂။နာရေးအဖွဲ့

၃။မီးသတ်အဖွဲ့

၄။ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၅။လူထုဗဟိုပြုစီမံကိန်းအဖွဲ့

၆။ဓမ္မာစကူလ်း


**ကျေးရွာပြင်ပရှိအဖွဲ့အစည်းများ**

၁။ မြို့နယ်ကျေးလက်ဦးစီး

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ် (ရွာသစ်) ကျေးရွာတွင် ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးသော ကျေးရွာအတွင်းရှိအဖွဲ့အစည်း (၆) ဖွဲ့နှင့်ပြင်ပရှိ အဖွဲ့အစည်း (၁) ဖွဲ့ရှိသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာတွင်လွှမ်းမိုးမှု အလယ်အလတ်သာရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးမှုကို စက်ဝိုင်းအကြီးအသေးအလိုက်လုပ်ဆောင်မှုများရှိကြပါသည်။ ကျေးရွာနာရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် လူထုဗဟိုပြု စီမံကိန်းအထောက်အကူပြုကော်မတီတို့သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင်အားကောင်းလျှက်ရှိပြီး ဓမ္မစကူးလ်အဖွဲ့သည်အသင့်အတင့်သာရှိသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်လွှမ်းမိုးမှုအလယ်လတ်တွင်ရှိပြီးရွာသစ်ကျေးရွာသည်ရွာလွတ်ကျေးရွာ၏ အုပ်စုတွင်ပါဝင်ပြီး ရွာလွတ်ကျေးရွာတွင်သာအုပ်ချုပ်ရေးမှူးရှိသောကြောင့် ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့သည်လည်း ကျေးရွာအုပ်ချုပ်ရေးမှုအဖွဲ့နှင့် ချိတ်ဆက်၍ ကျွန်းပတ်လမ်းကို ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများလုပ်ဆောင်ပေးပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် အုပ်ချုပ်ရေးမှုအဖွဲ့နှင့် ရပ်ရွာအတွင်းရှိအခြားအဖွဲ့အစည်းများ၊ လူမှုအကျိုးပြုပြင်ပအဖွဲ့အစည်းများသည် သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ကိုင်နေသော်လည်း အချင်းချင်း ချိတ်ဆက်မှု အားနည်းနေသည် ။ထိုအဖွဲ့များ အားကောင်းလာစေရန်အတွက် ဖွံ့ဖြိုးရေးသဘောတရားများချိတ်ဆက်ပေးရန်၊ လုပ်ဆောင်ချက်များကောင်းမွန်ပြီး အဖွဲ့အစည်းနှင့်ချိတ်ဆက်လုပ်ဆောင်သော အလေ့အကျင့် များရရှိရန်လိုအပ်နေပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ရွာလွတ်အုပ်စု၊ ရွာသစ်ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုဇယား ရက်စွဲ- ၇.၂.၂၀၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်ပုအိမ်၊ ပျဉ်ထောင်အုပ်မိုးအိမ်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီကား၊ ဆိုင်ကယ်၊ ဥ (၃) ဧကအထက်၊ လယ် (၅) ဧကအထက်၊ ကုန်စုံဆိုင်၊ အလှပြင်ဆိုင်၊ TV၊ စက်လှေ | ၁၀ | ၈ % |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ ဥ (၃) ဧကအောက်၊ လယ် (၅) ဧကအောက်၊ ဈေးဆိုင်၊ အချိုရည်ဆိုင်၊ [illegible] TV၊ [illegible] စက်ဘီး၊ ပျဉ်ထောင်ကျူထရံကာသွပ်မိုး | ၅၀ | ၃၉ % |
| နွမ်းပါး | ဝါးအိမ်၊ ကျပ်တဲ၊ နေ့စားလုပ်သား၊ စက်ဘီး၊ ဈေးရောင်း၊ ရော်ဘာရှားဖြစ်၊ သယ်၊ ယာအလုပ်သမားလုပ်၊ ခေါင်းရွက်ဗျက်ထိုး၊ အိမ်ဖြေမြေကွင်း | ၆၄ | ၅၃ % |
| စုစုပေါင်း | | ၁၂၄ | ၁၀၀% |


ဦးဆောင်ဆွေးနွေးသူ
ဦးမင်းဦးမြင့်ဝင်း (CF)
ဒေါ်သဇင်ဆွေ (CF)

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ)

## ရှာလွတ်ရှာသစ်ကျေးရွာ၏ နေအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

ချောင်းဆုံးမြို့နယ်၊ ရှာလွတ်ကျေးရွာအုပ်စု၊ ရှာလွတ်ရှာသစ်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၁၃၄) စုရှိပြီးအဓိကစီးပွားရေးလုပ်ငန်းများမှာ လယ်ယာ၊ ရော်ဘာလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၁၀) မှာ ပိုင်ဆိုင်မှုအားဖြင့်တိုက်ပု၊ ပျဉ်ထောင်အုတ်ညှပ်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ နိုင်ငံခြားပြင်ပဝင်ငွေ၊ ဈေးဆိုင်ငယ်၊ မြေ (၃) ကေအောက်၊ လယ်ယာ (၅) ကေနှင့်အထက်စသည်တို့ပိုင်ဆိုင်သော အိမ်ထောင်စုများကို ချမ်းသာအဆင့်အဖြစ်သတ်မှတ်ပြီး အိမ်ထောင်စု (၅၀) မှာ အလယ်အလတ်အဖြစ် သတ်မှတ်ရာတွင်လယ်ယာ (၅) ကေအောက်၊ မြေအနည်းငယ်၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုး၊ အိမ်ဆိုင်၊ နိုင်ငံခြားပြင်ပဝင်ငွေအနည်းငယ် ပိုင်ဆိုင်သောသူများဖြစ်ပြီး အချို့အိမ်ထောင်စု (၇၄) စုမှာ ပျဉ်ထောင်၊ ဝါးထရံကာ၊ ဖက်မိုးအိမ်၊ ခေါင်းရွက်ဗျက်ထိုး၊ နေ့စား၊ ရော်ဘာအငှားခြစ်ခြင်းများဖြင့် အသက်မွေးကြကာ ရွာ၏အစွန်းပိုင်တွင်နေထိုင်ကြပြီး နွမ်းပါးသူများအဖြစ် သတ်မှတ်သည်။ အိမ်ထောင်စု (၁၃၄) စုအနက် (၅၀%) ခန့်မှာ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေသော်လည်း ကျန်အိမ်ထောင်စု (၅၀%) ခန့်မှာ မိသားစုစားဝတ်နေရေးအပြင် ကလေးများ၏ပညာရေးအတွက်ပါ အခက်ခဲနှင့်ကြုံတွေ့နေရပါသည်။ တနိုင်တပိုင်စီးပွါးရေးလုပ်ငန်းရှိသော မိသားစုများအပြင် ဆင်းရဲနွမ်းပါးသော မိသားစုများမှလည်း အခြားနိုင်ငံများသို့သွားရောက်ပြီး လုပ်ကိုင်နေကြသည်ကိုလည်း သိရှိရပါသည်။

### ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



## ရွာလွတ်ရွာသစ်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခု၊ အဆင့် (၁၀) ဆင့်ဖြင့် အကဲဖြတ်ဆန်းစစ်ခဲ့ ပါသည်။

## အိမ်မှုကိစ္စ

၎င်းကဏ္ဍတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ လုပ်ဆောင်နိုင်စွမ်းရှိသည်။ အဆင့်သတ်မှတ်ချက်အနေဖြင့် အမျိုးသမီးများသည် အဆင့် (၁၀) တွင်ရှိပြီး အမျိုးသားများသည် အဆင့် (၂) တွင်သာရှိနေသည်။ ထို့သို့ဖြစ်ရခြင်းမှာ အိမ်မှုအလုပ်သည် အမျိုးသမီးအလုပ်ဟု တစ်ရွာလုံးက ခံယူထားသောကြောင့်ဖြစ်သည်။

## ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူပိုင်ဆိုင်မှုရှိနေပြီး ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု အပြည့် ရှိနေသည်ကိုလည်းတွေ့မြင်ရပါသည်။

## အလုပ်အကိုင်အခွင့်အလမ်း

ရွာသစ်ကျေးရွာတွင် အမျိုးသားများနှင့်အမျိုးသမီးများ ကွာခြားမှုမကြီးမားသည်ကို တွေ့ရသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင် လုပ်ကိုင်ကြပြီး အချို့သောသူများမှာ မိသားစုဝင်ငွေအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေလုပ်ကိုင်ကြသူများလည်း ရှိကြောင်းသိရသည်။ သို့ရာတွင် အမျိုးသားမှားမှာအလုပ်လုပ်ရာတွင် အပင်ပန်းခံနိုင်ခြင်း၊ အလုပ်မရွေးခြင်း၊ အိမ်ထောင်စုအတွက်ဝင်ငွေရှာဖွေရာတွင် အဓိကတာဝန်ရှိသူဟုယူဆထားခြင်းများကြောင့် အမျိုးသမီးများထက်ပို၍ အလုပ်အကိုင်အခွင့်အလမ်းတွင် သာလွန်သည်ကိုတွေ့ရသည်။

## ဝင်ငွေရရှိမှု

အမျိုးသားများမှာ အလုပ်အကိုင်အခွင့်အလမ်းပိုများပြီး အမျိုးသမီးများမှာ အလုပ်ကိုင်အခွင့်အလမ်းနည်းပါးသည်။ အဆင့်သတ်မှတ်ချက်အနေဖြင့် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ ဝင်ငွေရှာဖွေနိုင်ကြသည်။ ထို့သို့ဖြစ်ရခြင်းမှာ အမျိုးသားများသည် အမျိုးသမီးများထက် အပင်ပန်းခံနိုင်မှု၊ အင်းအားကြီးမှု၊ အလုပ်မရွေး၊ နေရာမရွေးသွားလာလုပ်ကိုင်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတစ်ခုလုံးကလည်း ဝင်ငွေရှာဖွေမှုသည် အမျိုးသားများတွင် တာဝန်ရှိသည်ဟု ခံယူထားသောကြောင့်ဖြစ်သည်။

## လုံခြုံမှု

ငွေကြေးကဏ္ဍာတွင် အမျိုးသားများနှင့်အမျိုးသမီးများ ကွားခြားမှုတစ်ဂက်ခန့်ရှိနေပြီး ပတ်ဝန်းကျင်အတွင်းလုံခြုံမှု၊ ဘဂလုံခြုံမှု၊ နေထိုင်မှုအပိုင်းနိမ့်ကျခြင်းကြောင်းမှာ စိတ်ပိုင်းဆိုင်ရာတွင် ၎င်းတို့သည်အမျိုးသားများထက် လုံခြုံမှုနည်းသည်ဟု ခံယူထားသောကြောင့်ဖြစ်သည်။

## ပညာသင်ကြားခွင့်

အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူပညာသင်ကြားခွင့်ရှိသော်လည်း အမျိုးသမီးများမှာမူ အမျိုးသားများထက်ပို၍ ဆုံးခန်းတိုင်အောင် ပညာသင်ကြားရာတွင် အခွင့်အလမ်းရှိကြသည်။ အမျိုးသားများမှာမူ အိမ်ထောင်စု၏ဂင်ငွေနှင့်စီးပွါးရေးကို ဦးဆောင်နေရသောကြောင့် အများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်လိုက်ရပြီး စီးပွါးရေးအတွက် လုပ်ငန်းခွင်ဂင်နေကြရခြင်း၊ အခြားနိုင်ငံသို့သွား၍အလုပ်လုပ်ကိုင်ကြခြင်းကြောင့် အမျိုးသားများထက် အမျိုးသမီးများက ပညာသင်ကြားခွင့်တွင်သာ လွန်နေသည်ကိုတွေ့ ရှိရသည်။

## ရပ်ရွာအရေးကိစ္စတွင်ပါဂင်ခွင့်


အမျိုးသားနှင့်အမျိုးသမီး အဆင့်တစ်ခုသာကွာခြားလျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ ရပ်ရွာသာရေး၊ နာရေးကိစ္စရပ်များတွင်အမျိုးသားနှင့်အမျိုးသမီးအားလုံး ပါဂင်ဆောင်ရွက်ခွင့်ရှိခြင်းကြောင့်ဖြစ်ကြောင်း သိရပါသည်။

## ခေါင်းဆောင်မှုနှင့်အရင်းအမြစ်များစီမံခန့်ခွဲအသုံးပြုခွင့်

ခေါင်းဆောင်မှုနှင့် အရင်းအမြစ်စီမံခန့်ခွဲအသုံးပြုခွင့်တွင် အမျိုးသမီးများသည်လည်းအမျိုးသားများနှင့်အတူ ပါဂင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ အိမ်ထောင်စုတွင်သော်လည်းကောင်း၊ ရပ်ရွာတွင်သော်လည်းကောင်း၊ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုတို့တွင် အတူတူပါဂင်ဆောင်ရွက် နေသည်ကိုတွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုသောပင့်ကူအိမ်သုံးသပ်ခြင်းအဆင့် (၁၀) ဆင့်နှင့်အချက် (၁၀) ချက်တို့တွင်အမျိုးသားများကအချက် (၆) ချက်တွင်အမျိုးသမီးများထက် သာလွန်နေကြောင်း၊ အချက် (၂) ချက်တွင်သာ အမျိုးသမီးများက အမျိုးသားများထက်သာလွန်ပြီး ကျန်အချက် (၂) ချက်တွင် အမျိုးသားများနှင့် အမျိုးသမီးတို့အဆင့်အတူတူပါဂင်ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရပါ သည်။

## ၆.၅ ရာသီခွင်ပြဇယား



**ရွာလွတ် (ရွာသစ်) ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**


မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ် (ရွာသစ်) ကျေးရွာ၏ ရာသီဥတုအခြေနေမှာ တပေါင်းလနှင့်တန်ခူးလများသည် အလွန်ပူပြင်းသောလဖြစ်ပြီး၊ ကဆုန်၊ နယုန်လတို့တွင် နေတပြိုက် မိုးတစ်ပြိုက်ဖြင့် ပူအိုက်စိုစွတ်ပြီး၊ ဝါဆို၊ ဝါခေါင်လများသည် မိုးတွင်းဖြစ်၍ မိုးများသည်။ တော်သလင်းလတွင်ရာသီအပြောင်းအလဲကြောင့် ဖျားနာမှုများ မကြာခဏ ဖြစ်ပွါးလေ့ရှိကြပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလတို့တွင် ဆောင်းရာသီသို့ရောက်ရှိလာပြီး ဆီးနှင်းများ ကျကာ အေးသောကာလဖြစ်သည်။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ မိုးရွာသွန်းမှုအခြေနေကိုကြည့်ပြီး လယ်ယာလုပ်ငန်း အတွက်ပြင်ဆင်ကြသည်။ ကဆုန်၊ နယုန်လတွင် လယ်ထွန်ခြင်း၊ ပျိုးကြဲခြင်း၊ ဝါဆို၊ ဝါခေါင်တွင်ကောက်စိုက်ခြင်း၊ ဂဲကျဲခြင်းတို့ပြုလုပ်ကြပြီး သီးတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် စပါးများရိတ်သိမ်းကြကာ ပြာသို၊ တပို့တွဲလတို့တွင် စပါးပုံပြီး နေအိမ်သို့ စပါးသယ်ပြန်ကြ၍ လယ်သမားများ ဂင်ငွေကောင်းသောလလည်းဖြစ်သည်။ တစ်ခါတရံ ရာသီဥတုဖောက်ပြန်မှုကြောင့် မထင်မှတ်ဘဲမိုးရွာ၍ လယ်သမားများစပါးသိမ်းချိန်တွင် အခက်ခဲနှင့်ကြုံတွေ့ရခြင်း၊ ရေကြီး ၍စပါးပျက်ခြင်း၊ ပိုးကိုက်ခြင်း တို့နှင့်ကြုံတွေ့တတ်ကြောင်း သိရသည်။

ရော်ဘာလုပ်ကိုင်သောအိမ်ထောင်စုမှာ (၂၀%) ရှိပြီး အမျိုးသမီးပါဝင်မှုမှာလည်း တစ်ဝက်ခန့် ရှိသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင်မိုးရာသီဖြစ်သောကြောင့် ရော်ဘာလုပ်ကိုင်ခြင်းကိုရပ်နားကြပြီး ကျန်လများတွင်ပုံမှန်လုပ်ကိုင်ကြသောကြောင့် ၄င်းလများတွင် ဝင်ငွေပုံမှန်ရရှိကာ ရံဖန်ရံခါရော်ဘာဈေးကျခြင်းနှင့်ကြုံတွေ့ပါက ဝင်ငွေလျော့နည်းသဖြင့် အခက်အခဲနှင့်ကြုံတွေ့ကြကြောင်း သိရသည်။

သီးတင်းကျွတ်လမှစ၍ ပွင့်လင်းရာသီများတွင် လုပ်ငန်းများအားလုံး လုပ်ကိုင်ဆောင်ရွက်နိုင်ကြသဖြင့် ဝင်ငွေအများဆုံး ရရှိသော အချိန်ကာလဖြစ်ပါသည်။ အချို့အိမ်ထောင်စုများတွင် အဓိက စီးပွားရေးအနေဖြင့် လယ်ယာလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်းစိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြပြီး အများစုမှာတစ်နေ့လုပ်တစ်နေ့စား ကျဘမ်းအလုပ်လုပ်ကိုင်ကြသူများဖြစ်သည်။ ကျန်းမာရေးအနေဖြင့် ကဆုန်၊ နယုန်လတွင် နွေအကုန်မိုးအကူးကာလဖြစ်သောကြောင့် ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းဖြစ်ပွါးလေ့ရှိသည်။ သီးတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင်လည်း ဖျားနာမှုဖြစ်ပွါးတတ်သည်။ ဝင်ငွေရှာဖွေရာတွင်အမျိုးသမီးပါဝင်မှု (၁၀၀%) ရှိသည်ကိုတွေ့ရပြီး စီးပွါးရေးအခြေအနေနှင့် အလုပ်ကိုင်ပေါ်အခြေခံပြီး ဝင်ငွေရရှိသည်။ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လတို့တွင်မိုးရာသီဖြစ်သောကြောင့်ဝင်ငွေနည်းပါးကြသည်။

ရာသီခွင်ဇယားကိုလေ့လာကြည့်ခြင်းဖြင့် လုပ်ငန်းတိုင်းတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နေသည်ကိုတွေ့ရသည်။ ရပ်ရွာတွင် စီးပွားရေးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့်တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသူများလည်းရှိသည်ကို တွေ့ရသည်။ တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်းလများတွင် ပွဲတော်များဆင်နွှဲကြကြောင်းနှင့် ရွာလွတ်ရွာသစ်ကျေးရွာအနေဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေသည်ကို လေ့လာသုံးသပ်မိပါသည်။

## ၆.၇ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု




### ရွာလွတ် (ရွာသစ်) ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကျေးရွာရှိ အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများအားလုံး အသုံးပြုကြသည်။ သို့သော် ထိန်ချုပ်မှုပိုင်းတွင် အမျိုးသမီးများသီးသန့်ထိန်းချုပ်မှု မရှိကြောင်းတွေ့ရသည်။ အမျိုးသမီးများသည် အမျိုးသားများ၏ နောက်မှလိုက်၍ ပူးပေါင်းလုပ်ဆောင်ကြသည်ကို တွေ့ရှိရသည်။ အရင်းမြစ်များကို ပြုပြင်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့်ထိန်းချုပ်မှုအနေဖြင့် ရပ်ရွာအတွင်း ကတ္တရာလမ်း၊ ရေတွင်း၊ စာသင်ကျောင်း၊ ချောင်း၊ မြစ်များကို အမျိုးသား၊ အမျိုးသမီးများ အတူတကွပိုင်ဆိုင်ကြပြီး အမျိုးသားများက ထိန်းချုပ်ကြကြောင်းတွေ့ရှိရသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ











လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ)

## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးသောင်းစိန် | |
| | | | ဒေါ်လှမြင့် | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်တင်ဇာထွေး | |
| | | အဖွဲ့ဝင် | ဦးရဲလတ် | |
| | | အဖွဲ့ဝင် | ဦးမျိုးတင့် | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်သောင်းရီ | |
| | | အဖွဲ့ဝင် | ဦးအောင်ဆန်းဦး | |
| | | အဖွဲ့ဝင် | ဦးတင့်လွင် | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမြင့်အုန်း | |
| | | အဖွဲ့ဝင် | ဦးဆန်းမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်တင်တင်သွယ် | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးတင်အောင် | |
| | | အဖွဲ့ဝင် | ဒေါ်ဥမ္မာ | |
| | | | ဦးသန်းထွန်း | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသိန်းခိုင် | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးစိုးအောင် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်ခင်လှ | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီကောက်ခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား ဖတ်ပြပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးအောင်ဇော်ဦး | ၀၉・250094924 | ဒေါ်သဇင်ဝေ |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရှမ်း | ကျောင်းဆုံ | ရှာလွတ် | ရှာသစ် |

၁။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၁၃၄ | ဘာသာ (၁) ဗုဒ္ဓ | ၁၃၄ |
| လူမျိုးစု (၂) | | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော | | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈၅ | | ၈၅ |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၇၃ | ၃၄၅ |
| လူမျိုးစု (၁) ရှမ်း | ၂၇၃ | ၃၄၅ |
| လူမျိုးစု (၂) | | |
| လူမျိုးစု (၃) | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၉၈ | ၃၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | |
|---|---|---|---|---|---|
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ✓ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ✓ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ✓ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ✓ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) (ကွန်ကရစ်လမ်း) မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၄-၂၀၁၅ /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁/၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂၅ မိနစ် ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) နာရေးအဖွဲ့ ------------------

(၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ဇော်ဦး

လက်မှတ် နေ့စွဲ 5. 1. 2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်သဇင်ထွေး

လက်မှတ် နေ့စွဲ 5.1.2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible]

နေ့စွဲ 7.1.2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု ရှာလွတ် | ကျေးရွာ ရှာသစ်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 7.1.2017 | 7.1.2017 | 27 | 42 | 69 | \| |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 8.1.2017 | 8.1.2017 | 26 | 39 | 65 | \| |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.1.2017 | 10.1.2017 | 19 | 16 | 35 | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 16.2.2017 | 10.3.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 25.4.2017 | 25.4.2017 | 19 | 47 | 66 | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 26.4.2017 | 26.4.2017 | 24 | 41 | 65 | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 27.4.2017 | 27.4.2017 | 10 | 6 | 16 | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်သီဇင်မွေး |

| | |
|---|---|
| နေ့စွဲ ၈.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ရွာလွတ် | ရွာသစ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရန်ခက်ခဲမှုရှိသည် | ၁ | ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရန်ခက်ခဲမှုရှိသည် |
| ၂ | ရေမြောင်းပိုက်မရှိသဖြင့် ရေလျှံခြင်း၊ ရေကြီးနစ်မြုပ်ခြင်း | ၂ | ရေမြောင်းပိုက်မရှိသဖြင့် ရေလျှံခြင်း၊ ရေကြီးနစ်မြုပ်ခြင်း |
| ၃ | မြောင်းကူးတံတားငယ်များ ပျက်စီးနေခြင်းကြောင့် သွားလာမှုအခက်အခဲရှိသည် | ၃ | မြောင်းကူးတံတားငယ်များ ပျက်စီးနေခြင်းကြောင့် သွားလာမှုအခက်အခဲရှိသည် |
| ၄ | ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအတွက်ခက်ခဲခြင်း | ၄ | ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအတွက် ခက်ခဲခြင်း |
| ၅ | စာကြည့်တိုက်မရှိသဖြင့် ကျေးရွာလူထု စာပေဗဟုသုတနည်းပါးမှု | ၅ | စာကြည့်တိုက်မရှိသဖြင့် ကျေးရွာလူထု စာပေဗဟုသုတနည်းပါး |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တရွာလုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ရွာဖြစ်ချင် | ၁ | တရွာလုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ရွာဖြစ်ချင် |
| ၂ | လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျရှိသော ရွာဖြစ်ချင် | ၂ | လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျရှိသော ရွာဖြစ်ချင် |
| ၃ | လမ်း၊ တံတားများ ကောင်းမွန်ပြီး သွားလာရေး ကောင်းမွန်သော ရွာဖြစ်ချင် | ၃ | လမ်း၊ တံတားများ ကောင်းမွန်ပြီး သွားလာရေး ကောင်းမွန်သော ရွာဖြစ်ချင် |
| ၄ | ကျန်းမာရေး စောင့်ရှောက်မှု စနစ်ကျရှိသော ရွာဖြစ်ချင် | ၄ | ကျန်းမာရေး စောင့်ရှောက်မှု စနစ်ကျရှိသော ရွာဖြစ်ချင် |
| ၅ | ရွာလူထုများ စာပေဗဟုသုတ တိုးတက်စေရန် စာကြည့်တိုက်ရှိသော ရွာဖြစ်ချင် | ၅ | ရွာလူထုများ စာပေဗဟုသုတ တိုးတက်စေရန် စာကြည့်တိုက်ရှိသော ရွာဖြစ်ချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်း ၅ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (အင်ကြင်းမြိုင်လမ်း) | အမျိုးသား+အမျိုးသမီး | ၇၆၀၀၀၀၀ | ၆၁၈ |
| ၂ | လမ်းဘေးရေနုတ်မြောင်း အုတ်စီသော ဆောက်ခြင်း (အင်ကြင်းမြိုင်လမ်း) | " | ၅၉၅၀၀၀၀ | ၆၁၈ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |




ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆိုင်ကယ်ပြုပြင်ရေးသင်တန်း | အမျိုးသား | |
| ၂ | ဖုန်းပြုပြင်ရေးသင်တန်း | အမျိုးသား | |
| ၃ | စက်ချုပ်သင်တန်း | အမျိုးသား+အမျိုးသမီး | |
| ၄ | ယိုးဒယားလှဆိုးသင်တန်း | အမျိုးသမီး | |
| ၅ | ဆံပင်၊ မိတ်ကပ် အလှပြင်သင်တန်း | အမျိုးသား+အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးမောင်သောင်းနိုင်--- လက်မှတ် ---(လက်မှတ်)--- နေ့စွဲ ---၈.၁.၂၀၁၇---

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး ဖြည့်စွက်အောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ... မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်သဲသဲမြေ့

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ခရိုင်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ရွာလွတ်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ရွာလွတ် | ကွန်ကရစ်လမ်းခင်းခြင်း (ရပ်ကွက် ၆+၇ ဆက်လမ်း) | 530′×9′×6″ | 6982 | ☐ ကျား ☐ မ ☑ ကျား+မ | 6600000 | | \| | |
| ရွာလွတ် | ကွန်ကရစ်လမ်းခင်းခြင်း (ရပ်ကွက် ၃+၄+၅ ဆက်လမ်း | 330′×8′×6″ | 6982 | ☐ ကျား ☐ မ ☑ ကျား+မ | 3500000 | | \| | |
| ရွာလွတ် | ကျေးရွာအနီးမ တည်ဆောက်ခြင်း | 60′×30′×12′ | 6982 | ☐ ကျား ☐ မ ☐ ကျား+မ | 39500000 | | \| | |
| ရွာသစ် | ကွန်ကရစ်လမ်းခင်းခြင်း+တံတားတစ်ခု | 400′×10′×6″+ 15′×4′×2′-6″ | 618 | ☐ ကျား ☐ မ ☑ ကျား+မ | 7400000 | | \| | |
| ရွာသစ် | ရေမြောင်းအုတ်စီ ဆောက်လုပ်ခြင်း | 900′×2′-3″× 2′-3″ | 618 | ☐ ကျား ☐ မ ☑ ကျား+မ | 5950000 | | \| | |

ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးသိန်းဝေ လက်မှတ် (လက်မှတ်) ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

အစည်းအဝေးခေါင်းစဉ် - ပထမအကြိမ်အစည်းအဝေး

ကျေးရွာ / ကျေးရွာအုပ်စု - ရွာသစ် / ရွာလွတ်

ကျင်းပသည့်နေရာ - ဒေါ်တင်တင်ရွှေ (နေအိမ်)

စတင်ချိန် - ပြီးဆုံးချိန် - ၁၀:၃၀ မှ ၂:၀၀ နာရီထိ

တက်ရောက်သူဦးရေ - ကျား (၂၇) + မ (၄၂) = ၆၉ ယောက်


ရက်စွဲ - ၇.၁.၂၀၁၇

ရည်ရွယ်ချက်။ "လူထုဗဟိုပြုစီမံကိန်း၏ အခြေခံသဘောတရားများ၊ ကျေးရွာဖွံ့ဖြိုးရေးအခြေခံများ၊ စီမံကိန်းစက်ဝန်း၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ရင်းနှီးမှုရရှိစေရန်၊ လူထုဗဟိုပြုစီမံကိန်း၏ ကျား-မ ရေးရာနှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကိုလည်း ရင်းနှီးမှုရရှိစေရန်။"

အကြောင်းအရာ။ "ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ရွာ၏ လူထုဗဟိုပြု စီမံကိန်း ဒုတိယစက်ဝန်း၏ ပထမအကြိမ်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး ဒေါ်သဇင်ထွေးက စီမံကိန်းမိတ်ဆက်၊ စက်ဝန်းအကြောင်းကိုရှင်းလင်းပြောကြားပေးပြီး၊ ဦးဖေမင်းနိုးဖေဝင်းက စီမံကိန်းတွင်ပါဝင်သူ၏အခန်းကဏ္ဍတာဝန်ဝတ္တရားများအကြောင်းကို ထပ်မံရှင်းပြပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာစေတနာ့ဝန်ထမ်းများကို ရွေးချယ်ပြီး တက်ရောက်လာသော ရွာလူထုအား ကျား-မ အဖွဲ့ခွဲ၍ လူမှုဆန်းစစ်ခြင်းများ ပြုလုပ်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေနှင့် လိုအပ်ချက်များကို ဖော်ထုတ်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်သဇင်ထွေး (CF)



အစည်းအဝေးမှတ်တမ်း

အစည်းအဝေးခေါင်းစဉ် - ဒုတိယအကြိမ်အစည်းအဝေး (ဒုတိယစက်ဝန်း)

ကျေးရွာ / ကျေးရွာအုပ်စု - ရွာသစ် / ရွာလွတ်

ကျင်းပသည့်နေရာ - ဒေါ်တင်တင်ရွှယ် (နေအိမ်)

စတင်ချိန် - ပြီးဆုံးချိန် - ၁၂:၀၀ မှ ၃ နာရီထိ

တက်ရောက်သူဦးရေ - ကျား (၂၆) + မ (၃၉) = ၆၅ယောက်

ရက်စွဲ - ၈.၁.၂၀၁၇

ရည်ရွယ်ချက်။ "ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့် ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း"

အကြောင်းအရာ။ "ရွာလွတ်ကျေးရွာအုပ်စု၊ ရွာသစ်ရွာ၏ လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယအကြိမ်အစည်းအဝေးတွင် တက်ရောက်လာသော ကျေးရွာလူထုများအား ယခုအစည်းအဝေးအကြောင်း ပြန်လည်ဆွေးနွေးပြီး၊ ကျား မ အုပ်စုခွဲကာ ကျေးရွာအတွင်းရှိ အခက်အခဲ ပြဿနာများ၊ ကျေးရွာ၏အနာဂတ် မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး၊ အမျိုးသား / အမျိုးသမီးအဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်စုစည်းတင်ပြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးသတ်မှတ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ကို ဆပ်ကော်မတီအလိုက် ကျေးရွာလူထု၏ သဘောဆန္ဒအတိုင်း ရွေးချယ်တင်မြှောက်ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်သဇင်ဆွေ (CF)

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရွာတွင်းလမ်းမကောင်းသဖြင့်သွားလာရန်အခက်ခဲရှိခြင်း။ |
| ၂ | ကျား/မ | ရေပြွန်ပေါက်မရှိသဖြင့်ရေလှွမ်းမိုးခြင်း၊ရေကြီးနစ်မြှုပ်ခြင်း ၊ |
| ၃ | ကျား/မ | မြောင်းကူးတံတားငယ်များပျက်စီးနေခြင်းကြောင့်သွားလာမှုအခက်ခဲရှိသည်။ |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအတွက် အခက်အခဲကြုံတွေ့ရခြင်း။ |
| ၅ | ကျား/မ | ကျေးရွာစာကြည့်တိုက်မရှိသဖြင့် ကျေးရွာလူထုစာပေဗဟုသုတနည်းပါးမှု |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | တစ်ရွာလုံးလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီးသောဖြစ်ရမည်။ |
| ၂ | ကျား/မ | လမ်းဘေးရေနုတ်မြောင်းများစနစ်တကျရှိသောရွာဖြစ်ရမည်။ |
| ၃ | ကျား/မ | လမ်းတံတားများကောင်းမွန်ပြီးသွားလာရေးကောင်းမွန်သောရွာဖြစ်ရမည်။ |
| ၄ | ကျား/မ | အခမဲ့ကျေးလက်ကျန်းမာ ရေးစောင့်ရှောက်မှုစနစ်ရှိသောရွာဖြစ်ရမည်။ |
| ၅ | ကျား/မ | ရွာလူထုများစာပေဗဟုသုတ တိုးတက်စေရန်စာကြည့်တိုက်ရှိသောရွာဖြစ်ရေမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | ကျား/မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း | ကျား/မ | | |
| | ၄ | ဆိုင်ကယ်ပြုပြင်နည်းသင်တန်း | ကျား | | |
| | ၅ | ပန်းအလှထိုးသင်တန်း | မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးမတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။